## ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ အမြဲတမ်းကော်မတီမှ တပါတီလုံးသို့ ကြားဖြတ်အစီရင်ခံစာ

**ညီအစ်ကို ကွန်မြူနစ်ပါတီများနှင့်ဆက်ဆံရေး**

လက်နက်ကိုင်တိုက်ပွဲကာလဆက်ဆံရေးနှင့် သဘောသဘာဝအရ ခြားနားသောဆက်ဆံရေးကို U/G ကာလတွင်လုပ်နေရသည်။

ယခုဆက်ဆံနေသော ပါတီအများစုကြီးမှာ အာဏာရပါတီများမဟုတ်၊ သို့သော် မိမိနှင့်အခြေအနေချင်းမတူ၊ သူတို့က တရားဝင်ပါတီများချည်းဖြစ်သည်။ ဗမာပြည်နိုင်ငံရေးနှင့်မတူသည့် နိုင်ငံရေးပတ်ဝန်းကျင်တွင်လည်း လှုပ်ရှားနေကြသည်။

သူတို့နှင့်ဆက်ဆံရာတွင် – စူးစမ်းလေ့လာလိုသောစိတ်ထား – သူတို့၏ အတွေ့အကြုံများကို သင်ယူလိုသောအာသီသဖြင့် ဆက်ဆံသည်။ အတွေးအခေါ်ရေးတိုက်ပွဲဆင်ရန် – ငြင်းခုံရန် – ဆက်ဆံခြင်းမဟုတ်။

မိမိတို့သည် လက်နက်ကိုင်တိုက်ပွဲကာလအတွင်းတွင် နိုင်ငံတကာနှင့် အဆက်အဆံနည်းခဲ့သည်။ ယခု အကျယ်အပြန့် ဆက်ဆံနေသည်။ လှုပ်ရှားနေသော ကမ္ဘာ့အခြေအနေက ဤသို့ဆက်ဆံရန် အပူတပြင်းတောင်းဆိုနေသည်။ အမေရိကန်က ကျူးကျော်စစ်ပြင်နေခြင်းကို ဆန့်ကျင်သောပူးတွဲထုတ်ပြန်ချက် ပါတီအများနှင့်တွဲ၍ထုတ်ခဲ့သည်။ (ဘာသာပြန်ပူးတွဲထားသည်)

**ကမ္ဘာ့အခင်းအကျင်းသစ် ( New World Order)**

အခင်းအကျင်းသစ် မုချမွေးဖွားတော့မည်။ တကမ္ဘာလုံးအကြီးအကျယ်လှုပ်ရှားနေပြီ။ တိုင်းပြည်တိုင်း ရည်မှန်းချက်အသစ်ချနေကြသည်။ နေရာယူမှုအသစ် ယူနေကြသည်။ ကမ္ဘာ့ပြည်သူများ နိုးကြားလှုပ်ရှားနေကြသည်။ ပြည်တွင်းနိုင်ငံရေးများတွင်လည်း မဟာမိတ်ဖွဲ့မှုအသစ် ဖွဲ့နေကြသည်။

မျက်မှောက်ကမ္ဘာ့အခြေအနေမျိုး မည်သည့်အခါကမှ မဖြစ်ပေါ်ခဲ့ဖူး၊ အလွန်ထူးခြားသည့် အခြေအနေဖြစ်သည်။

**'အီရတ်' အကျပ်အတည်း**

ဤအကျပ်အတည်းသည် ကမ္ဘာ့အခင်းအကျင်းသစ် ချမှတ်ရေးတွင် လတ်တလော အချက်အချာအကျဆုံး ကိစ္စဖြစ်သည်။

– ကုလသမဂ္ဂက အမေရိကန်စစ်လိုလားသောဂိုဏ်းကို ထိန်းချုပ်နိုင်မည်လော –

– အမေရိကန်လုပ်သမျှ နောက်က တံဆိပ်တုံးရိုက်ပေးရသော ကုလသမဂ္ဂ ဖြစ်မည်လော – စောင့်ကြည့်ရမည်။

အီရတ်စစ်ပွဲဖြစ်လျှင် ဗမာပြည်ကို တိုက်ရိုက်ဂယက်ရိုက်မည်။ ဗမာပြည်၏ နိုင်ငံရေးအပြောင်းအလဲကို တွန်းဆော်လိမ့်မည်။ အကောင်းဘက်လော – အဆိုးဘက်လော – တပ်အပ်မပြောနိုင်သေး။

ပါတီ၏တာဝန်မှာ အနာဂတ်ထွန်းပြောင်သည့် အပြောင်းအလဲဖြစ်အောင် လုပ်ဖို့ဖြစ်သည်။

**နေဝင်းသေဆုံးမှု**

ဒုစရိုက်ကောင်တကောင် သေဆုံးရုံနှင့်ကိစ္စက မပြီး။ ဤလိုလူမျိုးကို 'သေလျှင်ပြီးပြီ' ဟုပြောမရ၊ အရိုးပြာရေထဲမျှောရုံနှင့် ကိစ္စက ပြတ်မသွား။

နေဝင်းသေတော့ ပါတီ (COC) က ထုတ်ပြန်ချက်ထုတ်သည်။ (COC) ထုတ်ပြန်ချက်ကိုအခြေခံ၍ ဗိုလ်ကျော်ဇောက ပန်ကြားချက်တခုထုတ်သည်။ သူ့ပန်ကြားချက်က (COC) ၏ 'တပ်မတော်ပြုပြင်ရေး' စိတ်ဓာတ်ကိုအခြေခံပြီးရေးခြင်းဖြစ်သည်။

'တပ်မတော်ပြိုကွဲလာလျှင် တိုင်းပြည်ပါ ပြိုကွဲလာမှာကို စိုးရိမ်ကြရပါသည်'ဟူသောဝါကျကို တချို့က ဘဝင်မကျသည့်လေသံဖြင့် တုံ့ပြန်တာ တွေ့ရသည်။ တိုင်းပြည်မပြိုကွဲအောင် တိုင်းပြည်အကျိုးရှိအောင် ဘာတွေလုပ်ရမည်ဆိုတာ ရေးထားသည့် နောက်စာပိုဒ်များကို မျက်ကွယ်ပြုလိုက်ကာ 'တပ်မတော်မပြိုကွဲရေး' ဝါကျကိုပဲ အာရုံစူးစိုက်မြင်နေကာ တုံ့ပြန်ခြင်းဟု ထင်သည်။

လူထုကို အကြမ်းပတမ်းဖိနှိပ်ခဲ့ ဖိနှိပ်ဆဲဖြစ်သည့် 'တပ်မတော်' အပေါ် 'နာကြည်း – အခဲမကျေ'သောစိတ်ဆန္ဒဖြင့် တုံ့ပြန်ဟန်ရှိသည်။ 'နာကြည်း – အခဲမကျေ' ခြင်းမှာ သဘာဝကျပါသည်။ သို့သော် နာကြည်းစိတ် – အခဲမကျေစိတ်အပေါ် အဓိကထားကာ ကွန်မြူနစ်ပါတီက နိုင်ငံရေးလမ်းစဉ် မချပါ။

(ဗကပ) က တပ်မတော်နှင့် စစ်အုပ်စုကို ခွဲခြားကြည့်ပါသည်။ တပ်မတော်က ပေါ်လစီချသူ မဟုတ်ပါ။ စစ်အုပ်စုက ချပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းဖို့ ဆုံးဖြတ်သူမှာ စစ်အုပ်စုဝင် အနည်းစုကလေး ဖြစ်ပါသည်။ ဗိုလ်အောင်ကြီးက သူမပါဟု ပြောပါသည်။ ဝိနည်းလွတ်ပြောတာဖြစ်ပါသည်။ အစအဆုံး သူသိပါသည်။

၁၉၈၈ အာဏာသိမ်းပွဲအကြောင်း'ဝါရင့်ပါမောက္ခကြီး'က RFA အတွက်ဆောင်းပါးရေးသည်။ သူက ၁၉၈၈ အာဏာသိမ်းဖို့ ဆုံးဖြတ်သူများစာရင်းကို ဖော်ပြသည်။ အဲဒီလူစုပဲ "စစ်အုပ်စု" ဖြစ်သည်။ ဗိုလ် (ဒေါက်တာ) မောင်မောင်က လက်ရှိသမ္မတဖြစ်နေလို့ ပါခြင်း ဖြစ်သည်။ သူက စစ်အုပ်စုဝင်မဟုတ် နေဝင်းအစေအပါးသာ ဖြစ်သည်။ သူတို့က ဗိုလ်စောမောင်ကို အာဏာသိမ်းခိုင်းကြသည်။ (ဒါကြောင့် သူ့ကိုယ်သူ နာမည်ပျက်မယ့်အလုပ် လုပ်ရတဲ့ "ကျန်နေတဲ့စစ်သား"ဟု တဖွဖွပြောနေခြင်း ဖြစ်သည်။ "ကျန်စစ်သားရှူး" မဟုတ် )

၁၉၆၂ တော်လှန်ရေးကောင်စီတွင်ပါသူတိုင်း စစ်အုပ်စုဝင်မဟုတ်။ ဗမာပြည်တွင် စစ်အုပ်စုကို (ကြည်းတပ်) ကသာဖွဲ့မြဲဖြစ်သည်။ ထို စစ်အုပ်စုက တော်လှန်ရေးကောင်စီတွင် ဘယ်သူတွေပါရမည်ကို ဆုံးဖြတ်ခြင်းဖြစ်သည်။ ရေတပ်၊ လေတပ်၊ ပုလိပ်တပ် ကိုင်ထားသူများကို အာဏာသိမ်းကောင်စီတွင်း ထည့်ပေးမြဲဖြစ်သည်။ သူတို့က 'ဘုမသိ – ဘမသိ' ပါနေရခြင်းဖြစ်သည်။ 'မပါဘူး' ပြောလျှင် စစ်ခုံရုံး အတင်ခံရမည်။

စစ်အုပ်စုဆိုသည်မှာ – – – ကိုပြောလျှင် သူ့အစကချီပြီး ပြောရမည်။ ဒါမှ ရှင်းမည်။

ဂျပန်ခေတ် BDA တွင် တပ်မတော်၏ပေါ်လစီမှန်သမျှ ချမှတ်သူများမှာ ဗိုလ်အောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဖက်များဖြစ်သည်။ ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူများချည်းဖြစ်သည်၊ နေဝင်းမပါ။ ထိုအခါက (ဗကပ ယူဂျီ) များ တပ်မတော်ကို စားအိမ်နေအိမ်အဖြစ် သုံးပြီးနေနိုင်ခဲ့သည်။ 'ကွန်မြူနစ်ယူဂျီ' များမှာ စစ်ဗိုလ်စစ်သားများ မဟုတ်၊ စစ်ထဲမဝင်ကြ။ သို့သော် တပ်မတော်ကို စားအိမ်နေအိမ်အဖြစ် သုံးနိုင်ကြသည်။ ခရီးထွက်လျှင် စစ်ယူနီဖောင်းဝတ်သည်။ 'ဗကပယူဂျီ' များမှာ ဗိုလ်နာမည်ခံကြသည်။ 'လုပ်ဗိုလ်' များ ဖြစ်သည်။ စစ်တပ်တွင်းတွင် သဘောတရားသင်တန်းပေးကြသည်။

ဗိုလ်အောင်ဆန်းအရှိန်ဖြင့် ကွန်မြူနစ်များ ဤသို့လုပ်နေသည်ကို နောင်တွင်စစ်အုပ်စု ဖြစ်လာမည့်သူများက ကြည့်မရ၊ "ဂျပန်တိုက်မှပဲ ထတိုက်လိုက်ပေါ့ – သဘောတရား မလိုပါဘူး" ဟု ပြောကြသည်။

ပါတီက "သဘောတရားမဲ့မှု – ဝေဖန်ရေး" စာစောင်ထုတ်သည်။ သူတို့ကို "မျက်ကန်းမျိုးချစ်များ" ဟု ကင်ပွန်းတပ်ပေးသည်။ မပြေသည့်ရန်ငြိုး ထိုအခါက စသည်။

**"တော်လှန်ရေးသဘောတရားမရှိဘဲ တော်လှန်ရေးတရပ်မဆင်နွှဲနိုင်"**

**"လူထုအခြေခံမှ မှီခိုမှ တော်လှန်စစ်ပွဲဆင်နွှဲနိုင်သည်"**

ဤအခြေခံမူ (၂) ခုအတွက် ပြင်ဆင်ရေးကို ပါတီကစိုက်လိုက်မတ်တတ်လုပ်ခဲ့သည်။ သင်တန်းကို တပ်တွင်းခေါ်ပေးလျှင် နေစရာစားစရာ မပူရရုံမက လုံခြုံသည်။

လူထုကိုအခြေခံဖို့ကတော့ ကျေးလက်ဆင်းရသည်။ 'စစ်ဝတ်စစ်စား' ဖြင့်ဆင်းလျှင် အန္တရာယ်ကင်းသည်။ ဖက်ဆစ်တော်လှန်ရေးကို ကျေးလက်များတွင် အခြေခံခဲ့ခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် စစ်အုပ်စုလောင်းလျာများ ဆိုရှယ်လစ်ပါတီဝင်များဖြစ်လာသည်။ အင်္ဂလိပ်စစ်တပ်တွင်းတွင် ကွန်မြူနစ်ဗိုလ်များ မနေနိုင်အောင် အင်္ဂလိပ်နှင့်ပေါင်းပြီးလုပ်ကြသည်။ နာမည်ထွက်နေသော ကွန်မြူနစ်ဗိုလ်များကို အင်္ဂလိပ်က တပ်မှထုတ်သည်။ (ပြည်တွင်းစစ်အတွင်း ထိုဗိုလ်များကိုမိလျှင် စစ်အုပ်စုက သုံ့ပန်းအဖြစ်သဘောမထား)

၁၉၄၈ လွတ်လပ်ရေးရ၊ ပြည်တွင်းစစ်ဖြစ်သောအခါ တပ်မတော်ကို ဆိုရှယ်လစ်စစ်အုပ်စု အုပ်စီးမိသွားသည်။ ၁၉၅၈ ဖဆပလ အကွဲတွင် စစ်အုပ်စု နိုင်ငံရေးအဆင့်နေရာရလာသည်။ နောက်ပိုင်းကိစ္စများကို မရေးတော့၊ အားလုံးသိကြပြီးဖြစ်သည်။

ယခုတင်ပြချင်သည်မှာ – တပ်မတော်ကို စစ်အုပ်စုက ထူထောင်ခဲ့ခြင်းမဟုတ်

– တပ်မတော်နှင့် စစ်အုပ်စုကို ခွဲခြားကြည့်ရမည်

– လူထုဆန့်ကျင်ရေး ပေါ်လစီချသည့် စစ်အုပ်စုကို ခွဲထုတ်ပြီးတိုက်ပွဲဆင်ရမည် ဟူ၍ဖြစ်သည်။

ဗိုလ်ကျော်ဇော၏ပန်ကြားချက်ကို အစာမကျေဖြစ်နေသူများအား – ပါတီက "တပ်မတော်ကို စစ်အုပ်စုအောက်မှ ကယ်တင်နေခြင်း" ဖြစ်ကြောင်း ရှင်းပြကြရမည်။ တပ်မတော်ကို ဗိုလ်ကျော်ဇော၏ပန်ကြားချက်ပါ အချက် (၄) ချက်အတိုင်း ပြုပြင်ဖို့ဆော်ဩကြရမည်။ ဒီ/ချုပ် အာဏာရလျှင် 'ပြုပြင်ပြီးတပ်မတော်' ရှိနေမှဖြစ်မည်။

**အာဖဂန်သင်ခန်းစာ**

ဘုရှ်က အီရတ်ကိုသိမ်းပြီးရင် 'အာဖဂန်သင်ခန်းစာ' အရ လုပ်မည်ဟုပြောသည်။ အမေရိကန်တင်ပေးသည့် ပလ္လင်ပေါ်တက်ချင်သူ 'မင်းလောင်း'တွေမွေးသည်။ မင်းလောင်းဖြစ်ချင်သူတသီကြီး တန်းစီနေသည်။ 'မင်းလောင်း'များကို အမေရိကန်က ပံ့ပိုးသည်။ အမေရိကန်ပံ့ပိုးလျှင် တနင့်တပိုးရလေ့ရှိသည်။ အမေရိကန်က 'ထောင်မြင့်ရာစွန့်' ခြင်းဖြစ်၏။

ဆက်ဒမ်ဟူစိန်လွန်ခေတ်အတွက် မင်းလောင်းများက အမေရိကန်ပံ့ပိုးကြေးကိုစားပြီး အနောက်နိုင်ငံတလွှားတွင် ဒူးနန့်စောင့်နေကြသည်။ အာဖဂန်နန်းကျဘုရင် ဇဟီယာရှားစောင့်ရတာထက်ပိုပြီး ဇိမ်ကျနေကြသည်။ ဒါကို အမေရိကန်မီဒီယာများကလည်း သွားရည်ကျအောင် ထုတ်လွှင့်ပေးသည်။

အီရတ်စစ်ပွဲဖြစ်လျှင် တကမ္ဘာလုံးကို အကြီးအကျယ်ဂယက်ရိုက်မည်။ တိုင်းပြည်တိုင်းက မိမိအမျိုးသားအကျိုးစီးပွားကို ကြည့်ပြီး လှုပ်ရှားကြလိမ့်မည်။

အီရတ်ကျူးကျော်စစ်အပေါ် သဘောထားသည် အရေးကြီးသည်။ ကန့်ကွက်သလော – ထောက်ခံသလော ရွေးရမည့်ကာလဖြစ်သည်။ ပြည်ချစ်ဝါဒကက်ရပ်ခံသူတိုင်းက ကန့်ကွက်ကြရမည်။ အီရတ်ကို 'အာဖဂန်သင်ခန်းစာ' အပေးခံရလျှင် တကမ္ဘာလုံး ဝရုန်းသုန်းကား ဖြစ်တော့မည်။ 'ကြွက်မနိုင် ကျီမီးရှို့'ချင်၍ ဗမာပြည်မှာလည်း အာဖဂန်သင်ခန်းစာ လာပြီးပေးလှည့်ပါဟု ဖိတ်ခေါ်မိလျှင် ကြွက်မသေဘဲ ကျီပြာကျတာပဲ အဖတ်တင်လိမ့်မည်။ ဗမာစစ်အုပ်စုကြွက်က အရောင်ပြောင်းတတ်သောကြောင့် ဖြစ်သည်။ ရာသီအလိုက် အပြောင်းအလဲလုပ်လေ့ ရှိသည်။

၁၉၄၂ –၄၅ တွင် – စစ်အုပ်စုလောင်းလျာဘဝက ဗမာလူမျိုးရေးဝါဒီသက်သက် ဖြစ်သည်။

၁၉၄၅ တွင် – ဆိုရှယ်လစ်များ ဖြစ်လာသည်။

၁၉၅၈ တွင် – အနောက်ဂိုဏ်းကို လိုလားသူများ ဖြစ်သွားသည်။ အမေရိကန်၊ အစ္စရေးလ်နှင့် အလွန်ရင်းနှီးသွားသည်။

၁၉၆၂ တွင် – မဆလ အလံထူသည်၊ အရှေ့ဂိုဏ်းကို အပြုတ်ချဉ်းကပ်သည်။ ဆိုဗီယက်၊ မြောက်ကိုရီးယားတို့နှင့် ပလဲနံပသင့်သည်။

၁၉၈၈ တွင် – ပါတီစုံဒီမိုကရေစီ ဖော်ဆောင်သူ လုပ်လာသည်၊ တရုတ်နှင့် အလွမ်းသင့်နေရာက အိန္ဒိယ၊ ထိုင်းနှင့်ပါ သင့်သွားပြီ။

၂၁ ရာစုတွင် – အမေရိကန်ရာစုဟုထင်လျှင် သူတို့အရောင်ပြောင်းကြလိမ့်မည်။ ပြောင်းလျှင် အမေရိကန်က "အရိုးများသော ချေးခါးသော" လုပ်နေမည် မဟုတ်၊ လက်ကမ်းကြိုလိမ့်မည်။

– တကူးတကတင်ပေးကာ ပလ္လင်ပေါ်ရောက်အောင် လုပ်ပေးနေရခြင်းထက် ပလ္လင်ပေါ်ကလူ၊ အုပ်ချုပ်ရေးအတွေ့အကြုံ ရှိပြီးသူကို တပည့်မွေးရတာက တွက်ခြေကိုက်၍တကြောင်း

– လူဦးရေ၏ ၆၈% ရှိသော အကြီးဆုံးလူမျိုးစုဗမာထဲမှ တပည့်ကိုသာ ပလ္လင်ပေါ်တွင်ရှိစေချင်သောကြောင့် တကြောင်း (အာဖဂန်တွင် အကြီးဆုံးလူမျိုးစု ၃၈% သာရှိသည့် ပွတ်ရှ်တွန် ကာဇိုင်း (Karzai) ကို ရွေးခဲ့သည်) ဖြစ်၏။

ဗမာစစ်အုပ်စုကို တချို့က 'တရုတ်သြဇာခံ' သက်သက်ဟု ပြောနေကြသည်။ မဟုတ်ပါ။ "နိုင်ငံရေးအာဏာ" ၏ သြဇာခံ ဖြစ်သည်။ "နိုင်ငံရေးအာဏာ" လက်မလွှတ်ရလျှင် မည်သည့်နိုင်ငံကြီး၏သြဇာကိုမဆို ခံလိမ့်မည်။

ဗမာပြည်တွင် စစ်အုပ်စုဘာကြောင့် ဒီလောက်ကြာအောင် အာဏာမြဲနေသလဲ – ဒီမေးခွန်းကို အမျိုးမျိုးအဖြေပေးကြသည်။ ပါတီကတော့ စစ်အုပ်စု၏ "ပြည်တွင်းမှာဖိနှိပ် – ပြည်ပမှာအမှီရှာ" ဆိုသောပေါ်လစီဖြင့် အာဏာမြဲနေခြင်းဟုမြင်သည်။

စစ်အေးခေတ်က ဤပေါ်လစီစားသာခဲ့သလို ယခုလည်းစားသာလိမ့်ဦးမည်၊ အမေရိကန်က 'အီရတ်စစ်ပွဲ' ထောက်ခံမည့်သူ အပူတပြင်းလိုနေသည်။ (ဤအစီရင်ခံစာရေးနေစဉ်မှာပင် နအဖ က ဒီချုပ်ကျော်ပြီး အမေရိကန်ကို 'စေ့စပ်ဖို့' ခေါ်နေပြီ။)

**ယုံကြည်ရာလုပ်ရေး**

၁၉၈၉ အရေးနိမ့်မှုကြီး' ကြုံသောအခါ ပါတီဝင်အများအပြား 'အရင်းလဲ အဖျားထင်းဖြစ်' ဘဝ ရောက်ကြရသည်။

ပါတီကလည်း အဓိကတိုက်ပွဲသဏ္ဍာန် ပြောင်းရသည်။

ဤအခြေအနေ (၂) ရပ်ကြောင့် ပါတီဝင်တိုင်းကို "မိမိယုံကြည်ရာလုပ်ရေး" အားပေးခဲ့သည်။ ဤသို့ဖြင့် "ဗကပဟောင်း" များ အဖွဲ့အစည်းအသီးသီးသို့ ရောက်သွားကြသည်။

အများစုက "ငြိမ်းအဖွဲ့" များသို့ ရောက်သည်။ တချို့က ဒီမိုကရေစီရေးအတွက် တိုက်နေသော မြေပေါ်မြေအောက်အဖွဲ့များသို့ ရောက်သည်။ အချို့အနည်းစုက ထောက်လှမ်းရေးနှင့် နားလည်မှုယူကာ မြို့ပြန်ကြသည်။ သူတို့က "ထို့ကြောင့် – ဤသို့" လို စာအုပ် ထုတ်သည်။ "မြက်ခင်းသစ် ဆောင်းပါးရှင်" ဖြစ်သည်။ မိမိယုံကြည်ရာ လုပ်ကြခြင်းပင်။

ပါတီ၏သဘောထားပြောရလျှင် "ဗကပဟောင်း" များကို ပြည်သူ့ဘက်ကလူများ ဖြစ်စေချင်သည်။ ထလရသတင်းပေးများ မဖြစ်စေချင်။ ပြည်သူဆန့်ကျင်ရေးဘက် မရောက်စေချင်။ သို့သော် ဤကိစ္စမှာ သူတို့သာ ဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်၏။

ပါတီက အပျော့ပျောင်းဆုံးသဘောထား ထားရခြင်းမှာ ဤပြဿနာကို သမိုင်းရေးပြဿနာဟု မြင်သောကြောင့် ဖြစ်၏။

၁၉၆၂ ခုနှစ်မှစ၍ မြို့ပေါ်တွင် အတိုက်အခံပါတီမရှိ။ တောထဲတွင်လည်း ကျောင်းသားလူငယ်များကို လက်ခံသိမ်းသွင်းနိုင်သည့် ဒီမိုကရေစီအတွက် တိုက်နေသည့်ပါတီမှာ ဗကပသာ ရှိသည်။ လက်နက်ကိုင်တိုက်ပွဲကာလ ဖြစ်၍လည်း သိမ်းသွင်းလက်ခံနိုင်ခြင်း ဖြစ်သည်။

တောခိုလာသူ အားလုံးမှာလည်း စစ်အစိုးရဆန့်ကျင်ရေး ကျောင်းသားတိုက်ပွဲ၊ အလုပ်သမားတိုက်ပွဲ၊ စာပေတိုက်ပွဲမှလာသူများ ဖြစ်သည်။ ထို့ကြောင့် ဗကပနှင့် စိမ်းနေသူများ မဟုတ်။

ကျောင်းသားလူငယ်၊ အလုပ်သမားများအပြင် စာရေးဆရာအနည်းငယ်လည်း တောခိုလာသည်။ သူတို့လည်း မြို့ပေါ်ဗကပ ယူဂျီဘဝမှနေ၍ တောခိုလာခြင် းဖြစ်သည်။ ထိုအထဲတွင် 'နိုင်ဝင်းဆွေ' ပါသည်။

စစ်အစိုးရကို ဆန့်ကျင်သည့် လတ်တလောအကြောင်းမှာ လူ့အလွှာ၊ လူတန်းစားအလိုက် တမျိုးစီ ဖြစ်သည်။ ကျောင်းသားက မဆလ၏ ကျောင်းကောင်စီကို မုန်းသည်။ လူငယ်ပညာတတ်က မဆလလူငယ်ရေးရာ၊ အလုပ်သမားက အလုပ်သမားကောင်စီ၊ စာရေးဆရာက စာပေစိစစ်ရေးကို မုန်းသည်။ မုန်းတီးပုံချင်း မတူကြပါ။

နိုင်ဝင်းဆွေဆိုလျှင် သူ့အနုပညာကို မဆလ စာပေစိစစ်ရေးကသတ်နေသည်ဟု စွဲမြဲယုံကြည်သည်။ တောထဲတွင် စာပေအနုပညာအလုပ် လုပ်နိုင်မည်ဟု စိတ်ကူးယဉ်ခဲ့သည်။

စိတ်ကူးနှင့်ဘဝ ထပ်တူမကျခဲ့၊ သူ့တွင် အစွဲအလမ်းတခု ပါလာသည်။ ဟဲမင်းဝေး (Hemingway) လို ကမ္ဘာကျော်စာအုပ် တအုပ် ဗမာပြည် ပြည်တွင်းစစ်အတွင်း ဖြတ်သန်းရင်း ရေးမည်ဟူသော အစွဲအလမ်း ဖြစ်၏။

ဗကပ၏ အခြေအနေက သူ့အစွဲအလမ်းအတိုင်းလုပ်ဖို့ ခွင့်မပြု၊ သူ့စာအုပ်ကို ထုတ်လျှင်လည်း ပရိသတ်မရှိနိုင်၊ နယ်စပ်ဒေသတွင် သူ့အနုပညာကိုခံစားနိုင်သူ ရာဂဏန်းပင် မပြည့်။ နိုင်ငံခြားကလည်း ထုတ်ပေးမည် မဟုတ်။

ပါတီဗဟိုက မြို့ပေါ်စာပေတိုက်တခုခုက ထုတ်ပေးနိုင်မလား – ရှာကြည့်ခဲ့သည်။ ထောင်ထဲရောက်မည့်အလုပ် ဘယ်သူမှ မလုပ်ဝံ့။ ၄၈၂၈ ပါတီကော်မတီကလည်း လုပ်မပေးနိုင်။ ပါတီ၏ပို့စ်ကဒ်များ နိုင်ငံရေးခေါင်းဆောင်များထံပို့ရေး၊ ကြေညာချက် ဖြန့်ရေးပဲ လုပ်နိုင်သည်။

ထို့ကြောင့် ပါတီကိုပါ သူက 'စာပေစိစစ်ရေး'လို သဘောထားလာသည်။ ပါတီကိုနာခံကာ ပေါ်လစီစာများ ရေးပါသည်။ သို့သော် မကြည်လင်။

ဟဲမင်းဝေးလို မလုပ်ရသဖြင့် သူ့ဝတ္ထု ဆောင်းပါးတချို့တွင် သူ့ကိုယ်သူ 'ဝေး'ဟုရေးပြီး အာသာဖြေနေသည်။

၁၉၈၉ ရောက်တော့ ထိုင်းနယ်စပ်တွင် အနုပညာအလုပ် လုပ်မည်ဟုဆိုကာ ပါတီမှထွက်စာတင်သည်။ ပါတီက ကြည်ကြည်သာသာ ခွင့်ပြုရုံမက သွားနိုင်အောင် စီစဉ်ပေးခဲ့သည်။

ကြားရသည်မှာ ထိုင်းတွင်လည်း အနုပညာဖန်တီးတာ မလုပ်နိုင်ဘဲ နိုင်ငံရေးဝဲဂယက်ထဲ မျောပါရင်း နစ်မြုပ်ခဲ့သည်။

“ဗကပဟောင်း” များကိစ္စကို အစီရင်ခံနေရခြင်းမှာ အကြောင်းရှိသည်။ ဒီချုပ်ခေါင်းဆောင်စု အထင်မလွဲစေလို၍ ဖြစ်သည်။ ဒီချုပ်ထဲတွင် ဗကပဟောင်းတချို့ ပါနေသည်မှာ လျှို့ဝှက်ပြီးဝင်နေတာ မဟုတ်၊ ထရိုဂျင်မြင်း (Trojan Horse) ပရိယာယ်လုပ်နေတာ မဟုတ်၊ ဤပရိယာယ်က ရန်ဘက်ကိုသာ လုပ်ရမှန်း သိသည်။

ဗိုလ်အောင်ကြီး၊ ဗိုလ်ကြည်မောင်တို့ ပြောနေတာတွေ – ဗိုလ်ခင်ညွန့်ပြောနေတာတွေကို လက်မခံမိဖို့လိုသည်။ ယခုတလော နိုင်ငံရေးအကျဉ်းသားဟောင်းများကို ပြန်ဖမ်းနေသည်။ ထိုအထဲတွင် “ဗကပဟောင်း” ယခုဒီချုပ်များ ပါနေလိမ့်မည်။

နအဖ က ဒီချုပ်နှင့် ဗကပ ရန်တိုက်ပေးဖို့၊ ပြည်ပရောက် အဖွဲ့အစည်းများနှင့် ရန်တိုက်ပေးဖို့ အချက်အလက်ရှာနေသည်။

မတတ်သာ၍ (၁၉၈၈ အုံကြွမှုကြောင့်) ပါတီစုံဖွဲ့စည်းခွင့် ပေးထားရခြင်းကို ဖျက်သိမ်းချင်နေသည်။ တရားမဝင်ပါတီများ၊ ပုဂ္ဂိုလ်များနှင့် ဆက်နေသည်ဟုဆိုကာ NLD, SNLD တို့ကို ဖျက်သိမ်းရန် အကြောင်းရှာနေသည်။

NLD ကိုဖျက်သိမ်းလျှင် CRPP လည်း မရှိနိုင်။ ၁၉၉၀ ရွေးကောက်ပွဲလည်း အပြီးအပိုင်ဇာတ်သိမ်းပြီး ဖြစ်လိမ့်မည်။

စေ့စပ်ရေးစားပွဲသို့ နအဖကိုတွန်းပို့ရန် ပြည်တွင်းဖိအား (ဗကပ)က နည်းမျိုးစုံပေးနေချိန်လည်းဖြစ်၍ နအဖ က အကောက်ကြံကာ ‘သတင်းစာရှင်းလင်းပွဲ’ တခု လုပ်လာမည်ကို စိုးရိမ်ပါသည်။ (ဗကပ) သည် ‘ကြောင်လက်နှင့် ပြာပူမယက်’ မိမိနာမည်နှင့်ပဲ လုပ်စရာရှိလျှင် လုပ်သည်။

“ဗကပဟောင်း” ဖြစ်ဖြစ်၊ မည်သူဖြစ်ဖြစ် ပြည်သူဘက်ကရပ်လျှင်၊ ဒီမိုကရေစီရေးအတွက် လှုပ်ရှားလျှင်၊ စေ့စပ်ရေးစားပွဲသို့ နအဖကို တွန်းပို့လျှင်ကား (ဗကပ) က လေးစားသည်။

စေ့စပ်ရေးစားပွဲတက်ရမည့်သူမှာ NLD, SNLD, CRPP ဖြစ်သည်။ သူတို့ ကသိကအောက်ဖြစ်စေမည့်အလုပ် (ဗကပ)က မလုပ်။ သူတို့ကို ကာယကံရှင်များအဖြစ် သဘောထားကာ ‘ဘာပေးပြီး ဘာယူကြမည်ဆိုတာ ကာယကံရှင်များ ဆုံးဖြတ်ဖို့ ဖြစ်သည်’ ဟု ပြောခဲ့သည်။ စကားဦးသန်းတာ မပါအောင် သတိထားသည်။

စေ့စပ်ဆွေးနွေးရမည့် ပြဿနာမှာ ကြီးသည်။ ‘အာဏာပြဿနာ’ ဖြစ်သည်။ တပ်မတော်ကို ပြုပြင်မထားလျှင် ခက်လိမ့်မည် မြင်၍ ‘ပြည်သူ့ဆန္ဒအစိုးရ’ အတွက် အဆင်ပြေစေရန် ရေးခဲ့ပြောခဲ့သည်။

ဒီချုပ် ခေါင်းဆောင်စုမှာ တပ်မတော်နှင့် စိမ်းနေသူများ မဟုတ်။ ‘ပြုပြင်ပြီးတပ်မတော်’ ကို ခေါင်းဆောင်နိုင်မည့်သူချည်း ဖြစ်သည်။

ဦးအောင်မေသု (နီအောင်မေသု) ကျဆုံးစဉ်က ပါတီက ဂုဏ်ပြုခဲ့ခြင်းသည် “ဗကပဟောင်း” ဖြစ်လို့ မဟုတ်။ ‘အလံမလှဲစတမ်း’ တိုက်ပွဲဝင်သူ NLD ဖြစ်၍ အမြင့်မားဆုံး တန်ဖိုးဖြတ်ခြင်း ဖြစ်သည်။

စစ်အုပ်စုသည် “အဆိုးဘက်သို့ အပြောင်းအလဲ” လုပ်ရန် ပြင်ဆင်နေသဖြင့် ဤမျှအကျယ်တဝင့် အစီရင်ခံခြင်းဖြစ်သည်။

**စာပေစိစစ်ရေးမှလွတ်ရာ**

အနုပညာရှင်တိုင်း၊ စာရေးဆရာတိုင်း လွတ်လပ်ခွင့်ကိုမျှော်နေကြသည်။ မျှော်ရတာကြာတော့ စိတ်မရှည်ကြ၊ ပြည်ပထွက်ပြီး စာပေအနုပညာဖန်တီးရေးကို ထွက်လမ်းတခုအဖြစ် ရွေးလာကြသည်။

ဤသို့ဖြင့် ‘ကလောင်မကျိုးလိုသူများ’ ပြည်ပထွက်ကြသည်။ မထွက်နိုင်သူတချို့က အားပေးကြသည်။ ထွက်လျှင်လည်း အမေရိကန်ရောက်တာ များသည်။

နိုင်ငံခြားတွင် မြန်မာပြည်သားများ သန်းချီရှိသဖြင့် ပရိသတ်ရှိသည်။ စာပေဖြင့်တိုင်းပြည်ကို အကျိုးပြုကြစေချင်ပါသည်။ ထွက်လာရကျိုးနပ်စေချင်ပါသည်။

**နယ်ချဲ့ဆန့်ကျင်ရေး**

ပါတီက ရန်သူကြီး (၃) ဦးထဲတွင် နယ်ချဲ့စနစ်ဆန့်ကျင်ရေး ထည့်ထားတာကို ဘဝင်မကျသူတချို့ရှိသည်။ ပါတီတွင်းကပင် ခဏချိုထားပါလား ဟုတင်ပြသည်။ ထို့ကြောင့် ပြည်သူ့အာဏာတွင် ရှင်းပြခဲ့ရသည်။

ယခုတော့ ရှင်းပြစရာမလိုတော့ဟုထင်သည်။ ပြင်သစ်၊ ဂျာမဏီ အုပ်စိုးသူများကပင် ထပြီးကန့်ကွက်နေပြီ။ ကမ္ဘာ့ပြည်သူများကတော့ ပြောစရာမလို။ အီရတ်စစ်ပွဲသည် ရေနံစစ်ပွဲဖြစ်ကြောင်း ဖော်ထုတ်နေကြပြီ။

အင်္ဂလိပ် – ပြင်သစ် အုပ်စိုးသူချင်းပဋိပက္ခ ၁၉ ရာစုကတည်းက ပျောက်ကွယ်ခဲ့ရာမှ ယခုပြန်ပေါ်လာနေပုံရသည်။

သမိုင်းဟောင်းသည် သင်ခန်းစာယူစရာ – မျက်မှောက်သမိုင်းသည် ဆင်ခြင်စရာ ဖြစ်သည်။ မဆင်ခြင်လျှင် ဗမာပြည် အကျနာလိမ့်မည်။

ပြည်ချစ်ဝါဒလမ်းစဉ်ကို လက်တွေ့နှင့်ပေါင်းစပ်ပေးကြစို့

၁၃၆၄ ခု၊ တပို့တွဲ လကွယ်နေ့
၂၀၀၃ ခုနှစ်၊ မတ်လ ၂ ရက်

အမြဲတမ်းကော်မတီ
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ